ချစ်နိုင် (စိတ်ပညာ)

# သေနင်္ဂဗျူဟာ အတတ်ပညာ

စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးနယ်ပယ် အသီးသီးတွင် ထိရောက်စွာ အသုံးချနိုင်သော အခြေခံ စစ်သဘော စစ်အတတ်ပညာများ ပါဝင်သဖြင့် ထင်ရှားလှသည့် ကမ္ဘာ့ဂန္ထဝင်စာအုပ်၊ နိုင်ငံတကာမှာ ဘာသာပြန်ခဲ့ကြပြီးသော တရုတ်ရှေးဟောင်း စစ်အတတ်ပညာစာအုပ်။

ချစ်နိုင် (စိတ်ပညာ)

မကွေးတိုင်း၊ ချောက်မြို့နယ် ကြီးနီကျေးရွာ၌ ဖခင်ကျောင်းဆရာ ဦးမာတင်၊ မိခင် ဒေါ်အေးသတို့ က ၁၉၄၈ခုနှစ်၊ ဒီဇင်ဘာလ ၆ရက်တွင် မွေးဖွားခဲ့သည် ကြီးနီအလယ်တန်းကျောင်း၊ ချောက်မြို့ အမှတ်(၁) အထက်တန်းကျောင်းတို့ မှာ အခြေခံပညာ သင်ယူခဲ့သည် ။ ၁၉၆၆ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်သည် ။

၁၉၆၆ခုနှစ်မှ ၁၉၇၀ပြည့်နှစ်အထိ မန္တလေးဝိဇ္ဇာသိပ္ပံတက္ကသိုလ်တွင် ပညာဆက်လက် ဆည်းပူးသည် ။ ၁၉၇၀ပြည့်နှစ်တွင် ဝိဇ္ဇာဘွဲ့ (စိတ်ပညာ)ကို ဂုဏ်ထူး ၃ ဘာသာဖြင့် ပထမရ၍ အောင်မြင်ခဲ့သည် ။ ၁၉၇၁ခုနှစ် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း တက်ရောက်သည် ။ ၁၉၇၂ ခုနှစ်တပ်မတော် (ကြည်း) ပြန်တမ်းဝင်အရာရှိ ဖြစ်သည် ။ အမှတ် (၄၁) ခြေလျင်တပ်ရင်း၊ တပ်မတော်ဗိုလ်ရွေးအဖွဲ့၊ အမှတ် (၁၁၄)ခြေမြန်တပ်ရင်း၊ စစ်ဦးစီး တက္ကသိုလ်နှင့် မြဝတီစာပေတိုက်တို့ တွင် တာဝန်ထ

မ်းဆောင်ခဲ့သည် ။ ဗိုလ်မှူးနှင့် ဒုတိယဗိုလ်မှူးကြီး အဆင့် စစ်မှုထမ်းဘဝတွင် စိတ်ပညာ သင်ယူရန်နှင့် လေ့လာရေးအဖြစ် မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်းနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံများ သို့ ရောက်ခဲ့သည် ။

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားနေရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားနေးမှူးချုပ် ဖြစ်သည် ။ ၂၀၀၀ ပြည့်နှစ် လွတ်လပ်ရေးနေ့တွင် စီမံထူးချွန်တံဆိပ် (ပထမအဆင့်) ရသည် ။ ချစ်နိုင်(စိတ်ပညာ) ကလောင်အမည်ဖြင့် စာအုပ်များ ရေးသားသည် ။ လူငယ်ဆိုင်ရာ အမျိုးသားစာပေ ၁၉၉၆ခုနှစ်က ရသည် ။

***

ဤစာအုပ်ကို ဘာကြောင့် ပြုစု ထုတ်ဝေရသနည်း

စာရေးသူ၏ နိဒါန်း

ပြည်ထောင်စုမြန်မာနိုင်ငံ၏ လက်ရှိလူဦးရေသည် ၅၂သန်းကျော် ရှိလေသည် ။ နယ်မြေအကျယ်အဝန်းမှာ စတုရန်းမိုင် ၂.၆သန်းကျော် ရှိပေသည် ။ ထို့ကြောင့် ပျမ်းမျှ အလျား ၁မိုင် × အနံ ၁မိုင် (တစ်စတုရန်းမိုင်အကျယ်) ဧရိယာအတွင်း လူဦးရေ ၂၀၀နှုန်း နေထိုင်ကြသည် ဆိုရမည်။ ရန်ကုန်၊ ဧရာဝတီ၊ ပဲခူး၊ မကွေး၊ မန္တလေးတိုင်းတို့ တွင် လူဦးရေ သိပ်သည်းသဖြင့် ပြည်နယ်နှင့် နယ်စပ်ဒေသတို့ ၌ မူ အမှန်တကယ် လူဦး

ရေသည် တစ်မိုင်အတွင်း လူ ၁၀၀ပင် မရှိကြပါ။

တရုတ် ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်စသော နယ်နိမိတ်ချင်း ဆက်စပ်နေသည့် အိမ်နီးချင်းတိုင်းပြည်များ သည် လူဦးရေ အလွန်ထူထပ်သည် ။ မြန်မာနိုင်ငံသားများ ထက် အဆများ စွာ များ ပြားသည် ။

တရုတ်ပြသည် အဏုမြူလက်နက် ပိုင်ဆိုင်ပြီး ဖွံ့ဖြိုးတိုးတက်မှုလည်း အရှိန်အဟု န်ကောင်းနေသည့် တိုင်းပြည်တစ်ခု ဖြစ်၏။ အိန္ဒိယသည် လည်း အဏုမြူလက်နက် ပိုင်ဆိုင်ပြီး ဖွံ့ဖြိုးတိုးတက်မှု ရှိသော တိုင်းပြည်ပင် ဖြစ်၏။ ထိုနိုင်ငံကြီးများ သည် ရှေးနှစ်ပေါင်း ၃၀၀၀ကျော်ကပင် ယဉ်ကျေးမှု ထွန်းကားခဲ့ကြသဖြင့် သြဇာလည်း ရှိကြ၏။

မြန်မာလူမျိုးသည် မြန်မာနိုင်ငံကို ထိုပတ်ဝန်းကျင် အနေအထား၌ နှစ်ပေါင်းထောင်နှင့် ချီ၍ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးဟု ရပ်တည်ခိုင်မာနေနိုင်လာခြင်းသည် သာမန်မျှသော အရည်အချင်း မဟုတ်။ သွေးထဲမှာ ရှိသော ဇာတိမာန်ကြောင့်လည်း မှန်သည် ။ သတ္တိရဲရဲနီသော အမျိုးကိုချစ်သည့် စိတ်နှင့်အတူ စစ်ပညာကို သူ့ခေတ် သူ့အခါနှင့် လျော်ညီစွာ တတ်မြောက်ကျွမ်းကျင် ခဲ့ကြသဖြင့်လည်း ဖြစ်ပြန်၏။

ပွဲကျောင်းက သင်ကြားပေးလိုက်သည့် ဓားသိုင်း၊ တုတ်သိုင်း လက်ဝှေ့အတတ်ပညာများကို မြို့သားရော၊ တောသူတောင်သားပါ ငယ်စဉ်အခါကပင် တတ်မြောက်ကြသည် ။ ဗေဒင်၊ ဆေးဝါး၊ မန္တရား၊ ဆန်း ၊ အလင်္ကာ၊ နက္ခတ်မှုပညာ စသည် တို့ အပြင် သေနင်္ဂဗျူဟာ စစ်အတတ်အပညာကိုလည်း သာမန်အားဖြင့် လေ့လာလိုက်စားတတ်ကြသည် ။ ရှေးအခါက မြန်မာနိုင်ငံတွင် အမြဲတမ်း တပ်မတော်ဟူ၍ မရှိ။ စိုက်ပိုးရေးအဓိက လုပ်ကိုင်ကြသဖြင့် တောင်သူယာသမား ကျေးလက်နေ ပြည်သူများ သာ

ဖြစ်၏။ လူဦးရေကလည်း နည်းပါး၏။ နိုင်ငံ၏ ဓနငွေကြေးကလည်း မကြွယ်ဝ။

မြန်မာနိုင်ငံ၏ အကျယ်အဝန်းမှာ ဂျာမနီထက်လည်း ကျယ်၏။ ပြင်သစ်ထက်လည်း ပို၍ ကြီး၏။ အင်္ဂလန်၏ နှစ်ဆနီးပါးရှိ၏။ ဂျပန်နိုင်ငံထက်လည်း ပိုမိုကျယ်ဝန်းပါသေးသည် ။

သို့သော် လူဦးရေက နည်းသည် ။ ကျဲသည် ။ လယ်သမား၊ ယာသမား များ သည် ။ ထို့ကြောင့် ကျယ်ဝန်းသော နိုင်ငံတော်ကို အနည်းငယ်သော ပြည်သူတို့ က "ပြည်သူ့စစ်မဟာဗျူဟာ"ဖြင့် မိမိတို့ အခြေအနေနှင့် လိုက်လျောညီထွေစွာ ကာကွယ်ခဲ့ကြရလေ၏။ အမြဲတမ်း စစ်တပ်ကြီး မထားရှိ။

ယိုးဒယားစသော နိုင်ငံများက မခန့်လေးစား စော်ကား ရန်စလာခဲ့လျှင် ရာပြမြို့ ထောင်ပြမြို့က အရပ်သားများ သည် စစ်သားဝင်လုပ်ကြ၏။ သောက္ကတဲ၊ ဇင်းမယ်၊ အယုဒ္ဓယစသည့် ဒေသသို့ အကြိမ်ကြိမ် စစ်ချီခဲ့ကြသည် ။ ရောင်ထုံးနှင့် ပေါင်မှာ ထိုးကွင်းနှင့် ညိုညိုထွားထွား မြန်မာစစ်သည် တော် ကြီးများ သည် တောင်သူယာသမားများ ဖြစ်ကြသည်နှင့် အညီ ရန်သူနှင့် တိုက်ရင်းခိုက်ရင်း စပါးစိုက်ကာ ယာထွန်ကာဖြင့် ထိုဒေသမှာ ကိုယ့်ရိက္ခာကို ကိုယ်ရှာ၍ စားတတ်ကြလေ၏။

မြောက်ဘက်က မွန်ဂိုတပ်တွေ ဝင်လာသည် ။ တာတာတပ်တွေ ကျူးကျော်လာသည် ဆိုပါကလည်း ပြည်သူပြည်သားများ ထဲက လူငယ်လူရွယ်အားလုံး "စစ်သား"အဖြစ် စာရင်းသွင်းကာ မြင်းကိုစီး၊ ဆင်ကိုစီးလျက်၊ နယ်စပ်အထိ နိုင်ငံ၏ တပ်တော်ကြီးနှင့် ဓားလုံထမ်းကာ ပျော်ပျော်ရွှင်ရွှင် လိုက်ပါကြ၏။ ကာကွယ်တိုက်ခိုက်ကြ၏။ မြန်မာကို လာမထိနှင့် ဒါမျိုး ဟော့ ကြည့်။

သမိုင်းအစဉ်အလာတွင် မြန်မာနှင့်စစ်ပညာ၊ စစ်ပညာနှင့် မြန်မာပြည်သား၊ ခွဲခြား၍ မရနိုင်ချေ။

သို့သော် ၁၈၂၄ မှ ၁၈၈၅ ကာလ (ဆယ့်ကိုးရာစု) အချိန်တွင် ကား စစ်ရေးအင်အား သာလွန်ရုံမျှမက စက်မှုစွမ်းပကားကြောင့် စီးပွားရေး အင်အားပါ အဆများ စွာ သာလွန်သော နယ်ချဲ့တို့ ၏ အကြိမ်ကြိမ် ကျူးကျော်သိမ်းပိုက်တိုက်ခိုက်ခြင်းကို ခံကြရ၏။ ၁၈၈၅မှ ၁၉၄၈ အထိ ဗြိတိသျှ ကိုလိုနီ၏ လက်အောက်သို့ ရောက်ခဲ့ရ၏။ ထီးနန်းပျောက်ခဲ့၏။ လက်နက်စွမ်းပကားနှင့် စက်မှုအတတ်ပညာတို့ တွင် ခေတ်နောက်ကျခဲ့ သဖြင့် မယှဉ်နိုင်ခဲ့။

လွတ်လပ်ရေးရပြီး နှစ်ပေါင်း၅၀ သည် လည်း အမျိုးသားနိုင်ငံတော်ကို ကိုယ့်မင်းကိုယ့်ချင်း ထူထောင်နိုင်ပါသော်လည်း နိုင်ငံရေးခေါင်းဆောင်ချင်း စည်းလုံးညီညွတ်မှု ပြိုကွဲကာ လက်နက်ကိုင် တိုက်ပွဲများ ၏ စစ်မီးလျှံအတွင်း၌ ထိရောက်စွာ မတိုးတက်လာနိုင်။

မကြာမီသော ဆယ်စုနှစ်မှာ မှ နိုင်ငံတော်သည် စစ်ဘေးစစ်ဒဏ် ဆူပူမှုများကင်းဝေး၍ အေးချမ်းတည်ငြိမ်မှုကို ရခဲ့၏။ ငြိမ်းချမ်းရေးကာလ၌ တည်ဆောက်ရေးတွေ ဇောက်ချလုပ်ကြ၏။ ဖွံ့ဖြိုးရေးကို အလေးပေး ဆောင်ရွက်နေကြ၏။ သို့ရာတွင် ကမ္ဘာ့နိုင်ငံတကာ မိုးရိပ်လေရိပ်မှာ သတိပြုစရာတွေ မြင်ရသည် ။

စစ်တွေဝေးပြီဟု သွေးမအေးသင့်ချေ။

နှစ်ပေါင်းထောင်နှင့်ချီ၍ စစ်ပညာ စစ်အတတ်ကို အလေးထား ဆည်းပူး တတ်မြောက်ခဲ့ကြသော မိမိတို့ မြန်မာများ သည် အနီးမှ ဖြစ်စေ၊ အဝေးမှ ဖြစ်စေ ဖျက်လိုဖျက်ဆီး သိမ်းပိုက်ခြယ်လှယ်ချင်သော ရန်စွယ်အန္တရာယ်ကြီးတွေကို ကြိုတင် တွက်ဆတတ်ရပေလိမ့်မည်။

ပြည်သူတစ်ရပ်လုံး ပါဝင်ဆင်နွှဲတတ်သော "**ပြည်သူ့စစ်မဟာဗျူဟာ**"ကို အစဉ်တစိုက် ကျင့်သုံးခဲ့သော နိုင်ငံသားများ အနေဖြင့် စစ်ရေးသတိရှိအပ် လှပါသည် ။

- စီးပွားရေးအရ ပိတ်ဆို့ခြင်း

- သံတမန်ရေးအရ ဝိုင်းပယ်ခြင်း

- နိုင်ငံရေးအရ ဖိအားပေးခြင်း

- အဖျက်လုပ်ငန်းများ အားပေးခြင်း

- လုပ်ကြံဝါဒဖြန့် သိက္ခာချစော်ကားသော ရေဒီယို၊ ရုပ်သံ၊ စာနယ်ဇင်းတို့ ဖြင့် ထိုးနှက်ပုတ်ခတ်ခြင်း၊ သွေးခွဲခြင်း၊ အမှန်တရား ရောမွှေ၍ စိတ်လှုပ်ရှားအောင် ဆွခြင်း။

- သူလျှိုဒယံ မွေးမြူလျက် အဖျက်အမှောက် လုပ်ငန်းများ ထိုးဖောက်လုပ်ဆောင်ရန် ကြိုးစားခြင်း

- စစ်ရေးအရ အနှောင့်အယှက်ပေးခြင်း

- ကုန်သွယ်ရေးအရ တားမြစ်ပိတ်ပင်ခြင်း

အစရှိသဖြင့် မိမိနိုင်ငံတော်၏ အကျိုးစီးပွားကို ပျက်ပြားအောင် ထိပါးနှောင့်ယှက် ဟန့်တားသူမှန်သမျှကို ထိထိမိမိ ပြင်းပြင်းထန်ထန် တုံ့ပြန်ချေမှုန်းနိုင်စွမ်း ရှိရပါလိမ့်မည်။ အဆိပ်မရှိသော ယုန်၊ သမင် စသည် တို့ ကို အလွယ်တကူ ဖမ်းဆီးသတ်ဖြတ် စားသောက်ကြသော်လည်း အဆိပ်ရှိသော မြွေပွေး၊ မြွေဟောက်ကိုမူ လူတွေက ကြောက်ကြသည် ။ ချက်စားရင် ကောင်းမှာ ပဲဟု သွားရည်ကျချင်သော်လည်း သူ၏ အဆိပ်ကိုမူ ကြောက်လန့်သည် ။ ဝေးဝေးက ရှောင်ကြသည် ။

အလုံးစုံသော သနင်္ဖျူဟာ အတတ်ပညာ ဟူသမျှ အားလုံးတို့ သည် "**လှည့်စားခြင်း**"အပေါ် အခြေခံသည် ဟူသော သဘောတရားနှင့်အညီ ရန်သူသည် လှည့်စားဖြားယောင်းခြင်း အမျိုးမျိုးဖြင့် မိမိတို့ နိုင်ငံသားများကို ဖြိုခွဲလျက် ရှိနေ၏။ ကောင်းစေလို ဟန်ဆောင်လျက် ပျက်ပြားအောင် ဖျက်ဆီးနေ၏။ နိမ့်ကျအောင် ဖိနှိပ်နေကြ၏။ ကြောက်လန့်အောင် ခြိမ်းခြောက်နေ၏။ စစ်သဘောတရားကို နားမလည်သူ အချို့တို့က မသိ။ အငိုက်မိကာ ရန်သူ့အလိုအကြိုက်သို့ လိုက်ပါမိတတ်၏။ စစ်ပရိယာယ်ကို နားလည်အပ်ပါသည် ။ ငါးကြင်းဆီနှင့် ငါးကြင်းအကြော်ခံမလား။

မြန်မာနိုင်ငံသား လူငယ်များ သည် လူဦးရေ နည်းပါးပြီး အတန်အသင့် ကျယ်ဝန်းကာ သံယံဇာတ ကြွယ်ဝသည့် အမိနိုင်ငံတော်ကို အဓွန့်ရှည်စွာ ခိုင်မာ တည်တံ့ရေးအတွက် ရှေးရှေးသော မြန်မာလူငယ်များကဲ့သို့ပင် သေနင်္ဖျူဟာ အတတ်ပညာကို စိတ်ပါဝင်စားသင့်ပါကြောင်း တိုက်တွန်းအကြံပြုလိုပေသည် ။

တရုတ်ပြည် ဘီစီ ၃၀၀ခန့်က ပေါ်ပေါက်ခဲ့သော စွန်းဝူ(ခေါ်) ဆွန်ဇု(ခေါ်) ဆွန်ဇီအမည်ရှိ စစ်သူကြီး စစ်ပညာရှင် ပြုစုခဲ့သည့် စစ်ပညာကျမ်းသည် နှစ်ကာလ ၂၃၀၀ ကျော်ကြာ ညောင်းခဲ့သော်ငြားလည်း ဂျပန်၊ ပြင်သစ်၊ ရုရှား၊ အင်္ဂလိပ်ဘာသာများ သို့ ပြန်ဆိုပြီး ကျော်ကြားလျက် ရှိပါ၏။ မြန်မာလူငယ်များ ဖတ်ရှုနားလည်ထားသော် နိုင်ငံတကာနှင့် ရင်ပေါင်တန်း အသိအမြင် ရရှိကြပေလိမ့်မည်။ လုံခြုံရေးအရ သတိရှိနိုင်ကြပါမည်။ နိုင်ငံတော် ကာကွယ်ရေးအတွက် အရည်အချင်း ပြည့်ဝပြီး နိုးကြားကြပါလိမ့်မည်။ အန္တရာယ်ရန်စွယ်များကို ကြိုတင်သိမြင်နားလည် ကြလိမ့်မည်။ ထို့ကြောင့် ဤကျမ်းကို လွယ်ကူရှင်းလင်းစွာ မြန်မာဘာသာပြန်ဆို ပြုစုရပေသည် ။ လူငယ်များ စစ်အမြင် ရှိကြပါစေ။

ချစ်နိုင် (စိတ်ပညာ)

၁၅-၇-၂၀၀၃

***